## မမှန်မကန်လုပ်ဆောင်မှုများကို သတင်းပေးတိုင်ကြားခြင်း

UNDP သည် မမှန်မကန် လုပ်ဆောင်ခြင်းများအပေါ် သတင်းပေးတိုင်ကြားမှုအားလုံးကိုအလေးအနက်ကိုင်တွယ် ဆောင်ရွက်လျက်ရှိပါသည်။ စာရင်းစစ်နှင့် စုံစမ်းစစ်ဆေးရေးရုံး (Office of Audit and Investigation–OAI) သည် UNDP ၏ ဥပဒေမူဘောင် နှင့်အညီ ကုလသမဂ္ဂကျင့်ဝတ်စံနှုန်းများကို လိုက်နာခြင်းမရှိမှုဆိုင်ရာ တိုင်ကြားချက်များကို အဓိကလက်ခံသည့် ရုံးဖြစ်ပါသည်။

UNDP ၏ လုပ်ငန်းစီမံကိန်းများအပေါ် လိမ်လည်ခြင်း သို့မဟုတ် အဆိုပါကိစ္စရပ်များတွင် UNDP ဝန်ထမ်းများ ပါဝင်ပတ်သက်နေခြင်း စသည့် သတင်းအချက်အလက်များကို သိရှိသူ မည်သူမဆိုသည် အရေးပေါ်စုံစမ်းစစ်ဆေးနိုင်ရန် Investigations Hotline မှတဆင့်ပေးပို့တိုင်ကြားပါရန် အထူးတိုက်တွန်းပါသည်။

သတင်းပေးပို့တိုင်ကြားသူများသည် ၎င်းတို့အား ပြန်လည်ဆက်သွယ်နိုင်မည့် အချက်အလက်များကို ပေးခဲ့နိုင်သလို အမည်မဖော်ဘဲလည်း သတင်းပေးနိုင်ပါသည်။

သို့သော် လုပ်ငန်းခွင် စော်ကားနှောင့်ယှက်မှုနှင့် လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားပြုမှုတို့ကိုမူ အမည်မဖော်ဘဲ တိုင်ကြား၍ မရပါ။ Investigations Hotline သို့ သတင်းပေးပို့သောအခါ၌ အဆိုပါအဖြစ်အပျက်များတွင် မည်သူ၊ မည်သည့်အရာ ပါဝင်ပတ်သက်နေပြီး မည်သည့်နေရာ၊ မည်သည့်အချိန်တွင်၊ မည်သို့ပေါ်ပေါက်ကြောင်း အခြေခံအချက်အလက်များအပါအဝင် ဆက်နွယ်သည့် သတင်းအချက်အလက်များကို တတ်နိုင်သမျှ တိတိကျကျပေးပို့ရန် တိုက်တွန်း လိုပါသည်။ တိကျသော သတင်းအချက်အလက်များ ရရှိမှသာ OAI ရုံးအနေဖြင့် တိုင်ကြားလာသည့် မမှန်မကန်လုပ်ဆောင်မှုများကို ထိရောက်စွာ စုံစမ်းစစ်ဆေးပေးနိုင်မည်ဖြစ်သည်။

## လျှို့ဝှက်ထိန်းသိမ်းပေးခြင်း

စုံစမ်းစစ်ဆေးမှုအတွက် ကျိုးကြောင်းဆီလျော်မှုရှိသည့် မဖြစ်မနေလိုအပ်လာသော အခြေအနေများမှအပ တိုင်ကြားသူ သို့မဟုတ် သက်သေများမှ လျှို့ဝှက်ထိန်းသိမ်းပေးပါရန် တောင်းဆိုမှုများကို တတ်နိုင်သမျှ လေးစားလိုက်နာထိန်းသိမ်းပေးမည်ဖြစ်သည်။

## မဟုတ်မမှန် လီဆည်တိုင်တန်းခြင်း

UNDP ဝန်ထမ်းများသည် သတင်းအချက်အလက်များအား မှန်ကန်မှုမရှိကြောင်းသိနေလျက်နှင့် OAIရုံးသို့ ပေးပို့ခြင်းသည် ပြစ်မှုမြောက်ပါသဖြင့် အရေးယူအပြစ်ပေးခံရနိုင်ပါသည်။ မဟုတ်မမှန်စွပ်စွဲတိုင်တန်းခြင်း သို့မဟုတ် မှန်ကန်မှုမရှိသော အချက်အလက်များအား တမင်ရည်ရွယ်ကာ ပေးပို့ခြင်းများ ပြုလုပ်သော ဝန်ထမ်းများအား UNDP မှ အရေးယူ အပြစ်ပေးမည် ဖြစ်သည်။

## လိမ်လည်မှုတိုက်ဖျက်ရေးအတွက် ဖွင့်လှစ်ထားသော Hotline

UNDP ဝန်ထမ်းများနှင့် အခြားဆက်စပ်ပတ်သက်သူများ ပါဝင်နေသော လိမ်လည်ခြင်း၊ ခိုးယူမှုနှင့် ငွေအလွဲသုံးစားပြုခြင်း၊ အဂတိလိုက်စားခြင်း၊ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များအား အလွဲသုံးစားပြုလုပ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုခြင်း၊ လုပ်ငန်းခွင်တွင် စော်ကားနှောင့်ယှက်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာ အလွဲသုံးစားပြုခြင်း၊ သတင်းပို့တိုင်ကြားသူများအား လက်တုံ့ပြန်ရန်ပြုခြင်း အပါအဝင် မမှန်မကန် ပြုမူဆောင်ရွက်မှုများအား တိုင်ကြားမှုများကို ကျွန်ုပ်တို့ရုံးမှ သုံးသပ်အကဲဖြတ်ကာ စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ပါသည်။ ထို့ပြင် UNDP ကို ထိခိုက်နစ်နာစေနိုင်သည်ဟု ယူဆရသည့် လိမ်လည်မှုနှင့် အခြားသော ငွေကြေးပိုင်းဆိုင်ရာ မှုမမှန်စွာ ပြုမူမှုများကို ကန်ထရိုက်တာများ၊ စီမံကိန်း အကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား တတိယအဖွဲ့အစည်းများမှ ကျူးလွန်ကြောင်း တိုင်ကြားချက်များ ရှိပါကလည်း ကျွန်ုပ်တို့ရုံးမှ သုံးသပ်အကဲဖြတ်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပါသည်။

မမှန်မကန်ပြုမူဆောင်ရွက်မှုများကို အောက်ပါ Investigations hotline သို့ သတင်းပို့တိုင်ကြားနိုင်ပါသည် -

အွန်လိုင်းမှ တိုင်ကြားရန် ပုံစံကို http://www.undp.org တွင် ရရှိနိုင်ပါသည်။ Report Fraud, Abuse, Misconduct ကို နှိပ်ပါ။ ထို့နောက် Online Referral Form ကို နှိပ်ပါ။

အီးမေးလ်ဖြင့် - reportmisconduct@undp.org

တယ်လီဖုန်းဖြင့် -

+1 877 557 8685 (USA အတွင်းတွင်သာ၊ ဖုန်းဘီလ် ကုန်ကျမှု မရှိ)

+1 770 776 5678 (တစ်ကမ္ဘာလုံးမှ၊ ဖုန်းဘီလ် ကုန်ကျမှုရှိ)

ဖက်စ်ဖြင့် - +1 770 409 5008 (တစ်ကမ္ဘာလုံးမှ) သို့မဟုတ်

စာတိုက်မှ - ဖော်ပြထားသည့် လိပ်စာသို့ Deputy Director (Investigations), OAI ဒုတိယညွှန်ကြားရေးမှူး (စုံစမ်းစစ်ဆေးရေး) ထံ လိပ်မူပေးပို့ရန်၊


အသေးစိတ်သိရှိလိုပါက OAI ရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**United Nations Development Programme**
**Office of Audit and Investigations**
**One United Nations Plaza, DC1, 4th Floor,**
**New York, NY 10017**
**United States of America**

**T: +1 646 781 4312; F: +1 646 781 4333**
**UNDP Intranet Website:**
**https://intranet.undp.org/unit/office/oai/default.aspx**



©UNDP-OAI, Nov-2017


ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်

UNDP

*Empowered lives.*
*Resilient nations.*

# စာရင်းစစ်နှင့် စုံစမ်းစစ်ဆေးရေးရုံး

# မမှန်မကန်လုပ်ဆောင်မှုများကို မည်သို့သတင်းပေး တိုင်ကြားရမည်နည်း

## ကျွန်ုပ်တို့၏ မျှော်မှန်းချက်

*"စီမံအုပ်ချုပ်သူများနှင့် အကျိုးသက်ဆိုင်သူများ၏ တန်ဖိုးထားနှစ်သက်မှုကို ရရှိသည့် တာဝန်ခံမှုနှင့် ဖြောင့်မတ်သမာဓိရှိမှုတို့ကို ထိထိရောက်ရောက် မြှင့်တင်အားပေးပြီး ယုံကြည်ရသည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးသော အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန်"*